ဒေါက်တာသန်းထွန်း၏

# အမှာ

နတ်မောက်ဘုန်းကျော်ရေးသည့် **အင်္ဂလိပ်–မြန်မာ စစ်သမိုင်း**သည် မြန်မာ့သမိုင်းလေ့လာသူတို့အတွက် အားကိုးတစ်ခုပြုရန် ပေါ်ပေါက်လာသဖြင့် များစွာ ဝမ်းသာရပါသည်။ ဆရာဘုန်းကျော်ရေးလျှင် စိတ်ချရသော အချက်နှစ်ချက်ကား (၁) အချက်အလက်များကို ရှာဖွေတင်ပြရာ၌ စေ့စပ်သေချာ၍ ပြည့်စုံခြင်းနှင့် (၂) ဝေဖန်အကဲဖြတ်ရာ၌ တစ်ဖက်စီးနင်းမဟုတ်၊ အမှန်ကိုမြင်သာအောင် ဖော်ထုတ်ခြင်းတို့ ဖြစ်ပါသည်။ စင်စစ်အားဖြင့် သမိုင်းကို ဤသို့ရေးမှလည်း အရာရောက်မည်၊ တန်ဖိုးရှိမည်။ ထို့ကြောင့် သူရေးသောကျမ်းသည် သမိုင်းတန်ဖိုး အပြည့်ရှိသည်ဟု ယူဆနိုင်ပါသည်။ စာအုပ်ပေါင်းများစွာ ဖတ်၍ စာတစ်အုပ် အသစ်ဖြစ်အောင် ရေးသည့် သာမညစာအုပ်မျိုးမဟုတ်ကြောင်း ဖတ်ကြည့်သူများလည်း လက်တွေ့ သိနိုင်ကြပါမည်။ ပေါင်းစပ်ဖော်ပြရုံမျှသာ စွမ်းသော ကျမ်းမျိုးသည် တန်ဖိုးမရှိလှ၊ စက္ကူနှင့်မင် ကုန်ရကျိုးမနပ်ဟု ထင်ပါသည်။ ယခုစာအုပ်ကား 'စာအုပ်ထဲမှ စာအုပ်'မဟုတ်ကြောင်း တွေ့ရပါသည်။ မှန်ကန်သောအကြောင်းအချက်များကို မှီးငြမ်းပြု၍ တိကျပြတ်သားသော အဆုံးအဖြတ်များ ပါသည်။ မြန်မာ–အင်္ဂလိပ်ဆက်ဆံရေးကို ဖော်ပြရေးသားကြရာ၌ များသောအားဖြင့် အင်္ဂလိပ်မှတ်တမ်းများလောက်သာ အားကိုး၍ ရေးကြသောကြောင့် တစ်ဖက်ပြောစကားမျှသာ ကြားနာမှတ်သားရသဖြင့် ရုပ်လုံးမပေါ် ရှိသည်ကို ယခု ဆရာဘုန်းကျော်၏ ကျေးဇူးဖြင့် ပတ်လည်လှည့်၍ ကြည့်သော အမြင်ကို တွေ့ရပြီ။ မြန်မာ–အင်္ဂလိပ် ဆက်ဆံပုံ ရုပ်လုံးပေါ်ပြီဟု တစ်နည်းအားဖြင့် ဆိုနိုင်ပါသည်။ တစ်ဆင့်စကားမျှဖြင့် မသေမချာ မရေမရာပြောသော အမှားများကိုလည်း ဤစာအုပ်က ပြင်ဆင်ပေးသည်။ နယ်ချဲ့ဝါဒ၏ သဘောသရုပ်ကိုလည်း ထင်ရှားစေသည်။

အချုပ်အားဖြင့် နတ်မောက်ဘုန်းကျော်၏ စာအုပ်သည် စေ့စပ်သေချာ၍ အမှန်ကို ဖော်ထုတ်နိုင်ခြင်းကြောင့် အားကိုးလောက်သည်ဟု ထောက်ခံရေးသားခြင်း ဖြစ်ပါသည်။ နတ်မောက်ဘုန်းကျော်ကိုယ်တိုင် တစ်ခါက စစ်သားဖြစ်ဖူးသဖြင့် စစ်ပွဲများအကြောင်းပါသော သမိုင်းစာအုပ်ကို သူလိုလူသာလျှင် ပိုင်နိုင်အောင် ရေးနိုင်မည်ဟုလည်း မျှော်လင့်နိုင်ကြပါသည်။

စစ်မတိုက်ဖူးသော စာရေးဆရာတွေ ရေးနေသည့် စစ်ပွဲစာအုပ်ကြောင့် စိတ်ပျက်နေသော စာဖတ်ပရိသတ်အတွက်လည်း နှစ်သက်ဖွယ် ဖတ်စရာစာတစ်အုပ် တိုးခြင်းဖြစ်ပါသည်။

**သန်းထွန်း**
သမိုင်းပါမောက္ခ
၂၁၊ ၁၊ ၆၆။ မန္တလေး ဝိဇ္ဇာ သိပ္ပံ တက္ကသိုလ်